# စစ် အဓမ္မဝါဒကို သရုပ်မှန် ပေါ်စေခဲ့သော သံဃာ တော်လှန်ရေး

Editor
Rebound88

ကြာသပတေးနေ့က ကျင်းပခဲ့တဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ တံခါးဖွင့် ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာပြည်ဆိုင်ရာ အထူး အကြံပေးအရာရှိ ဂမ်ဘာရီက မြန်မာစစ်ခေါင်းဆောင် ဗိုလ်သန်းရွှေမှ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ စည်းကမ်းချက်များနဲ့ တွေ့ဆုံ ဆွေးနွေးမယ်လို့ ပြောတာကို 'သမိုင်းဝင် ဆွေးနွေးပွဲ' ကြီးတခု အဖြစ် ပြောဆိုလာပါတယ်။ သမိုင်းဝင် ဆွေးနွေးပွဲတော့ ဖြစ်လာမှာ မဟုတ်ပဲ ပြုလုပ်ဖြစ်ခဲ့ရင်လည်း သမိုင်းဝင် လိမ်လည်မှုကြီး တခုသာ ဖြစ်လာဘို့ရှိပါတယ်။

အခုမှ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့တာ မဟုတ်ပဲ အယင်က ဗိုလ်ချုပ် ခင်ညွန့်ရှိစဉ်ကတည်းက တွေ့ဆုံခဲ့ကြပြီး ဖြစ်ပါတယ်။ မအောင်မြင်ခဲ့ပါဘူး၊ ဘယ်သူတေတေ ငတေမာရင်ပြီးရောဆိုတဲ့ လူမျိုးနဲ့ အများကောင်စားရေးကို ကိုယ်ကျိုးစွန့် အနစ်နာခံလိုသူတို့အကြား ဘယ်လိုနည်းနဲ့မှာ ပြေလည်စရာ မရှိပါဘူး။ တခုရှိတာကတော့ဟိုတုန်းက ဗိုလ်ခင်ညွန့်ကဦးနေဝင်းအရိပ်အောက်က စေ့စပ်ရတာဆိုတော့ ဗိုလ်သန်းရွှေရဲ့သဘောထားဘယ်လောက်ပါတယ်ဆိုတာ မသေချာခဲ့ပါဘူး။ အခုတော့ဗိုလ်သန်းရွှေဟာအာဏာရှင်စစ်စစ် တဦးထည်းဖြစ်နေပါပြီ။

ဗိုလ်သန်းရွှေက စည်းကမ်းချက်အမျိုးမျိုးနဲ့ တွေ့ဆုံဆွေးနွေးမယ်ဆိုတာကလည်း အထက်က ပြောခဲ့တဲ့ ငတေမာ နေသေးတယ်ဆိုတာကို ပြသနေပါတယ်၊ ဒေါ်အောင်ဆနးစုကြည်အနေနဲ့ကလည်း ဆွေးနွေးပွဲမစတင်မီ အဖမ်းဆီးခံ သံဃာတော်များနဲ့ ပြည်သူတွေကို ပြန်လွှတ်ပေးပါလို့ တောင်းဆိုလာနိုင်စရာရှိနေပြီး ဒါကလည်း စစ်ခေါင်းဆောင်တွေ ဘယ်လိုမှ မလိုက်လျောနိုင်တာမို့ ဖြစ်ပေါ်လာနိုင်စရာ သိတ်တော့မရှိလှပါဘူး။

တကယ်လို့ ဖြစ်လာခဲ့ရင်တောင်မှ သံဃာ အံ့ ကြွမှုကြီးကို အကြမ်းဖက် နှိမ်နင်းဘို့ တဇောက်ကန်း အမိန့်ပေးစေခိုင်းတာကို မနှစ်မြို့ကြတာရယ် သူတို့အာဏာလက်လွှတ်မှာကို ကြောက်လာကြတဲ့ စစ်ခေါင်းဆောင်ငယ်တွေက တပ်ချုပ်ဗိုလ်သန်းရွှေကို ဗိုလ်စောမောင် နောက်ကို လိုက်ခိုင်းဘို့ ရှိလာနိုင်ပါတယ်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေး လုပ်ကာနီးတိုင်း ပြူးတူးပြဲတဲ ထ လုပ်တတ်တဲ့ မြန်မာစစ်ခေါင်းဆောင်တွေရဲ့ လုပ်ရိုးလုပ်စဉ် တခုထက် ပိုလိမ့်မယ်လို့တော့ ထင်ထားလို့ မဖြစ်ပါဘူး။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနဲ့ကလည်း တရုတ်က တံခါးဝ မှာ တင်းပုတ်ကြီးကိုင်ပြီး မားမားမတ်မတ် ရပ်နေသလားထင်ရလောက်အောင် ကြုံကြုံခံနေတာကြောင့် ထင်သလို လုပ်လို့ မရပဲ စကားလုံးကိုတောင်မှ သူတို့ ကြားလို့ကောင်းမယ့်ဟာမျိုး စဉ်းစားပြောနေရတဲ့ အနေအထားမို့ သိတ်တော့အားကိုးလို့ မရပါဘူး။

တရုတ်ရဲ့ နိုင်ငံတကာ ကျင့်ဝတ်စည်းကမ်းတွေကို လျစ်လျူရှုတဲ့ တာဝန်မဲ့ လုပ်ရပ်တွေများလာရင် နိုင်ငံ ငယ်များက ကုလသမဂ္ဂအပေါ် အယုံအကြည်မဲ့လာနိုင်ပြီး ၊ အမေရိကန်ရဲ့ ဩဇာအာဏာကလည်း တရှိန်ထိုး ကျဆင်းသွားနိုင်စရာရှိနေပါတယ်။

အမေရိကန်က တရုတ် နဲ့ အိန္ဒိယ ကို ဖိအားပေးလိုက ပေးနိုင်စရာကတော့ ရှိနေပါတယ်၊ အိန္ဒိယနဲ့ ဆိုရင် ၁၂၃ သဘောတူညီချက်လို့ ထင်ရှားတဲ့ ညျူကလီယားသဘောတူညီချက်ကို ချုပ်ဆိုထားပါတယ်၊ အဆိုပါ သဘောတူညီချက်အရ အိန္ဒိယအနေနဲ့ ညျူကလီယားသုံးလောင်စာနဲ့ နည်းပညာကို အရပ်ဖက် အသုံးပြုဘို့အတွက် ကုန်သွယ်ခွင့်ပြုထားပြီး၊ အဲ့သည့်အတွက် အိန္ဒိယ အရပ်ဘက် ညျူကလီယား အစီအမံများကို နိုင်ငံတကာရဲ့ လုံခြုံစိတ်ချရမှု စံနှုန်းများအောက်မှာထားရှိပေးရမှာ ဖြစ်ပါတယ်၊ ပြီးရင်လည်း ၄င်းတို့ရဲ့ ညျူကလီယားလက်နက် စီမံကိန်းများကို နိုင်ငံတကာက စီစစ်စောင့်ကြည့်ခြင်း တိုးမြှင့်မပြုလုပ်စေရအောင် အမေရိကန်က အကာအကွယ်ပေးသွားမှာလည်း ဖြစ်ပါတယ်။

အဆိုပါ သဘောတူညီချက်က အိန္ဒိယအဘို့ ရတောင့်ရခဲ့ လှတဲ့ သဘောတူညီချက်လို့ ဆိုရင်ရပါတယ်၊ အိန္ဒိယ ပြည်တွင်းမှာရှိတဲ့ ညျူကလီယား စက်ရုံများဟာ အရံ လောင်စာများလျော့နည်းနေပြီး၊ ထောက်ပံ့ရေးပစ္စည်းများလည်း မရှိသလောက်မို့ ဖြစ်နေတာမို့ မန်မိုဆင်းအစိုးရအဖို့ ညျူကလီယားစွမ်းအင် အသုံးချရေးအတွက် အရမ်း အရေးကြီးနေပြီး၊ မြန်မာပြည်က သဘာဝ ဓါတ်ငွေ့ ငမ်းငမ်းတက် လိုချင်နေသလို အမေရိကန်နဲ့လည်း ၄င်းသဘောတူညီချက်ကို အပျက်မခံ နိုင်ပါဘူး။ အမေရိကန်က အဲ့သည့် အချက်နဲ့ အိန္ဒိယကို ကိုင်တွယ်ချင်ရင် ကိုင်တွယ်လို့ ရနိုင်ပါတယ်။

တရုတ်နဲ့ကတော့ အများသိထားတဲ့ ၂၀၀၈ အိုလံပစ်ပါပဲ၊ တရုတ်သမတ ဟူချင်တောင်က ဘွတ်ရှ် ကို ကိုယ်တိုင်ကိုယ်ကျတက်ရောက်ဘို့ ဖိတ်ကြားခဲ့တာကို ဘွတ်ရှ်က လူသိရှင်ကြား လက်ခံပြီး ဖြစ်နေတာမို့ အိုလံပစ်ကို အပိတ်မှောက်ဘို့ကို အမေရိကန်က စပြောဘို့ ခက်နေပုံ ရပါတယ်။

အမေရိကန်က ဆော်သြခဲ့သည့်တိုင် နိုင်ငံအများစုက သပိတ်မှောက်ဘို့ ဆိုတာက လက်တွေ့မှာ ဖြစ်လာဘို့ သိတ်မရှိလှပါဘူး၊ သို့သော်လည်း အဝေးရောက် မြန်မာ ဒီမိုကရေစီ အရေး လှုပ်ရှားသူများအနေနဲ့ အိုလံပစ်မှာ ပါဝင်မယ့် နိုင်ငံအသီးသီးက ထိတ်တန်း အားကစားများကို ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုကြဘို့ ၄င်းတို့ရဲ့ စိတ်ခံစားမှု (Conscience) ကို ကိုင်လှုပ်နိုင်မယ်ဆိုရင် ဖြစ်နိုင်ချေ အလားအလာရှိပါတယ်။ ဒီလှုပ်ရှားမှုက တရုတ်အစိုးရကို အကြီးအကျယ် ထိုးနှက်နိုင်မှာ ဖြစ်ပါတယ်။

ဗိုလ်သန်းရွှေကတော့ အာဏာလက်လွှတ်ရမယ့် လက်တကမ်း အခြေအနေမှာ လက်သတ်မွေးထားတဲ့ စစ်တပ်ကို အသုံးပြုပြီး ထိုးဖေါက်ထွက်သွားနိုင်ပါပြီ၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူ ရဟန်းသံဃာများအနေနဲ့ မိမိတို့ရဲ့ အရေးတော်ပုံကြီး အရေးနိမ့်သွားလေခြင်းလို့ စိတ်ပျက်အားငယ်စရာ မရှိပါဘူး။စစ်အစိုးရအဘို့ ၄င်းတိုရဲ့ အနှစ် ၂၀ နီးပါးလုံး ဘုရားတည် ကျောင်းဆောက်ပြီး ဘုရားတကာ အရေခြုံထားတာကို ခွာချလိုက်ရတဲ့အပြင်၊ ၄င်းတို့ရဲ့ ဖက်ဆစ်သရုပ်မှန်ကို ကမ္ဘာ့အလယ်မှာ ထုတ်ပြပြီးသွားဖြစ်သွားပါတယ်၊ တရုတ်ရဲ့ လက်ဝေခံ ရုပ်သေးအစိုးရ ဖြစ်နေခြင်းကိုလည်း လယ်ပြင်မှာ ဆင်သွားသလို ငြင်းမရအောင် ဘူးပေါ် သွားခဲ့ရပါတယ်၊

ထေရဝါဒ ဗုဒ္ဓဘာသာ ကမ္ဘာမှာ အထွန်းကားဆုံး နိုင်ငံရယ်လို့ ကမ္ဘာ့ အလယ်မှာ ဝင့်ကြွားစရာ ဖြစ်ခဲ့ရတဲ့ မြန်မာပြည်အဘို့ကတော့ စစ်ဝါဒီတွေကြောင့် မျက်နှာ မဖေါ်နိုင်အောင် ဖြစ်ခဲ့ရပါပြီ။

အမေရိကန် ပြည်ထောင်စုမှာတောင် သူတိုရဲ့ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွေမှာ တရားမဝင်နေထိုင်နေတဲ့သူတွေကို နာမည်နဲ့ သိထားတာတောင် ရဲအဖွဲ့က ဝင်ရောက်ဖမ်းဆီးခြင်း မပြုဘဲ အပြင်ကို ခြေချတာနဲ့ ဖမ်းဆီးမယ်လို့ ပြောလို့ ဘုရားရှိခိုးကျောင်းကပဲ တာဝန်ယူ ကျွေးမွေးထားရလို့ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်လိုသူများနဲ့ အခြေအတင်ဖြစ်နေရတဲ့ အထိပါ၊

၁၉၈၁ ခုနှစ်က ပိုလန် ကွန်မြူနစ်အစိုးရက ထိုစဉ်က ပိုလန်သွေးစည်းညီညွတ်ရေး လှုပ်ရှားမှု ခေါင်းဆောင် Lech Walesa ကို ဖမ်းဆီးစဉ်မှာ Walesa က အခုလို ပြောကြားခဲ့ပါတယ်၊ "အခုအချိန်မှာ မင်းတို့ငါ့ကို ဖမ်းလိုက်တဲ့အတွက် မင်းတို့ ရှုံးသွားပြီလို့ မှတ်လိုက်ပါ။ မင်းတို့ရဲ့ ကွန်မြူနစ် အခေါင်းကြီးကို ငါ့ကို ဖမ်းလိုက်ခြင်းဟာ နောက်ဆုံး သံတချောင်း ရိုက်လိုက်တာနဲ့ အတူတူပဲ၊ မင်းတို့ ဒူးထောက်ပြီး ငါ့ဆီပြန်ရောက်လာမယ့် အချိန်ကို စောင့်နေမယ်လို့" အမှန်ပါပဲ နောက် ၇ နှစ်နှစ်အကြာမှာ ကွန်မြူနစ်အစိုးရ က ၄င်းကို ဖိတ်ခေါ်ပြီး စားပွဲဝိုင်း ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့လို့ ၁၉၉၀ မှာ Walesa ပိုလန် သမတ ဖြစ်လာခဲ့ပါတယ်။

စစ်ခေါင်းဆောင်တွေကတော့ ၄င်းတို့ရဲ့ ပုပ်သိုးဆွေးမြေနေတဲ့ စစ်အာဏာရှင် ရုပ်အလောင်းကြီးကို သင်္ဂြိုလ် မပစ်ရက်လို့ အနံ့ခံပြီး ပေကပ်စောင့်ကြည့်နေတဲ့ အဖြစ်နဲ့ အလားတူနေပါပြီ။

အမျိုးဘာသာ သာသနာကို ယင်းတို့ရဲ့ အာဏာဖက်တွယ်ထားလိုမှု သက်သက်နဲ့ စော်ကားခဲ့ကြတဲ့ စစ်ဘီလူးတွေကို အပြီးတိုင် ဖယ်ရှားပစ်ဘို့ မြန်မာပြည်သူတရပ်လုံး ညီညွတ်ကြဘို့ အရေးကြီးနေတဲ့ အချိန်ကို ရောက်နေပါပြီ။